# တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး

## (၁၄)ရက်မြောက်နေ့အစီအစဉ်

## ၂၈-၈-၂၀၂၆ (သောကြာနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "မန္တလေးငလျင်ကြောင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းများ၊ သာသနိကအဆောက်အဦများ၊ ပြိုကျပျက်စီးမှုများအား ပြန်လည်ပြင်ဆင် တည်ဆောက်ခြင်းများ ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာမှ ပံ့ပိုးကူညီ လှူဒါန်းဆောင်ရွက်ပေးနိုင်ခဲ့ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ကလေးဝမြို့ အစိုးရအထက်တန်းကျောင်းရှိ ဟောင်းနွမ်း၍ အန္တရာယ်ရှိသော အဆောင်(၃)နှင့် အဆောင်(၄)တို့အား ဖျက်သိမ်းပြီး ယင်းကျောင်းဆောင်များအစား သံကူကွန်ကရစ်(RC)နှစ်ထပ် ကျောင်းဆောင်သစ် အမြန်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဦးတင်ဝင်း၊ အရာတော်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "အရာတော်မြို့နယ်၊ အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်းတွင် လိုအပ်လျက်ရှိသည့် (၁၂၀×၃၀)ပေ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

CamScanner

(ဃ) **ဦးမင်းဆွေ၊ ကလေးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ကလေးမြို့၊ လက်ပံချောင်းကျေးရွာလမ်းပိုင်းမှ ပျဉ်းခုံလေးကျေးရွာ၊ အောင်မြင်သာကျေးရွာလမ်းပိုင်း(၃)မိုင်(၂)ဖာလုံတို့အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(င) **ဦးထိန်ဝင်းအောင်၊ ကနီမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "စက်သုံးဆီအရောင်းဆိုင်များတွင် လယ်ယာသုံးထွန်စက်၊ ချွေလှေ့စက်၊ ရေတင်စက်များအတွက် စက်သုံးဆီ ဒီဇယ်၊ ဓာတ်ဆီများ စည်းကမ်းတကျ ဝယ်ယူခွင့်ရရှိရေး ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ကလေးမြို့၊ ဗိုလ်ချုပ်လမ်း၊ တာဟန်းရပ်ကွက်မှ အောင်မြေမာန်၊ ညောင်ပင်သာ၊ အင်းယားကုန်းဘုန်းကြီးကျောင်း နယ်နိမိတ်အဆုံး ရေမြောင်းများနှင့် ဘုရင့်နောင်လမ်း(ခ) နတ်ချောင်းလမ်း လမ်းဆုံမှ တောင်ဘက် မြို့သာရပ်ကွက်အဆုံး၊ မြောက်ဘက် မြို့ထွက်ဆိုင်းဘုတ်အဆုံး ရေမြောင်းများအား ဆယ်ယူရှင်းလင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

၆။ **စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်တင်ကုန်ချ လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်** စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

CS CamScanner